# SHUNHANG GPS MODEL: SH-820 အသုံးပြုပုံ

**POWER**

- Power ON/OFF (စက် ဖွင့်/ ပိတ်ပြုလုပ်ရန်)
- ခလုတ် တစ်ချက်နှိပ်လျှင် စက်ပွင့်ပါသည်။ ခလုတ်ကို (၃) စက္ကန့်ခန့် ဖိနှိပ်ထားလျှင် စက်ပိတ်ပါသည်။

**MAP**

- မျက်နှာပြင်ဖော်ပြမှုရွေးချယ်ရန်။

**CUR + #**

- CURSOR ကာဆာ (+)ဖွင့် / ပိတ် အသုံးပြုရန်
- CURSOR ခလုတ်အားတစ်ချက်နှိပ်လျှင်ကာဆာ သင်္ကေတ (+) ဖော်ပြပြီး တစ်ချက်ထပ်နှိပ်လျှင် ၄င်းကာဆာသင်္ကေတ (+) ပျောက်သည်။
- CURSOR သင်္ကေတ (+) ဖော်ပြထားချိန်တွင် Arrow Key (မြှားသင်္ကေတ) ◀ ▶ ▼ ▲ များအသုံးပြုပြီး နေရာရွှေ့ပြောင်း၍ မိမိအသုံးပြု / မှတ်သားလိုသော MARK ( အမှတ် ) ၊ WPT (ပေးပို့င့်) နှင့် Route (လမ်းကြောင်း/ Boundary Line) များ အသုံးပြုနိုင်သည်။
- တဖန် ၄င်း ကာဆာဖော်ပြထားချိန်တွင်ပင် မိမိအသုံးပြု / မှတ်သားထားသော MARK (အမှတ်) ၊ WPT (ပေးပို့င့်) များတခုချင်းစီပြန်လည် Delete (ဖျက်) နိုင်သည်။
- ကာဆာ (+)အသုံးပြု ၍ MARK ( သို့ ) WPT နေရာသို့ ကာဆာ (+) ရောက်၍ RED CIRCLE (အနီရောင်စက်ဝိုင်းသေး)သင်္ကေတ ပေါ် လာလျှင် ENTER ခလုတ်တစ်ချက် နှိပ်ပြီး 3 Delete နှိပ်၍ဖျက်နိုင်သည်။ MARK နှင့် WPT ပေါ်တွင် RED CIRCLE (အနီရောက်စက်ဝိုင်းသေး) ပေါ်နေချိန်တွင် ENTER ခလုတ်တစ်ချက်နှိပ်ပြီး အောက်ပါအတိုင်း အသုံးပြုလုပ်နိုင်သည်။

  ⟶ 1 Goto - ၄င်းအမှတ်သို့ သင်္ဘောမှလမ်းကြောင်းဆွဲခြင်း ပြုလုပ်နိုင်သည်။

  ⟶ 2 Modify - ၄င်းအမှတ်ကိုလိုသလို ပြင်ဆင်ခြင်း / အသေးစိပ်ကြည့်ရှုခြင်း ပြုနိုင်သည်။

  ⟶ 3 Delete - ၄င်းအမှတ်ကို ဖျက်ခြင်းပြုနိုင်သည်။

  ⟶ 4 Move - ၄င်းအမှတ်ကို နေရာရွှေ့ခြင်း များပြုလုပ်နိုင်သည်။

**MENU**

- စက်နှင့်ပတ်သက်သော Function များအသေးစိပ် ဝင်ရောက်ပြင်ဆင် အသုံးပြုနိုင်သည်။
- MENU ခလုတ်တစ်ချက် နှိပ်လျှင် 1 မှ 10 အထိ Function များ၊ ထပ်ဆင့် Function များ ကို Arrow Key (မြှားသင်္ကေတ) ◀ ▶ ▼ ▲ များ (သို့ ) Digits ( နံပါတ် 1, 2, 3 စသဖြင့်) နှိပ်ပြီး ENTER ခလုတ်အသုံးပြု ၍ ဝင်ရောက်ပြင်ဆင်အသုံး ပြု နိုင်ပါသည်။

**C ET**

- မိမိသင်္ဘောကို မျက်နှာပြင် အလယ်ဗဟို တွင်ထားရန် နှင့် cursor (ကာဆာ )ကို လက်ရှိတည်နေရာသို့ရွှေရန် အသုံးပြုသည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၈၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

- AIS Receiver ဖြင့်ချိတ်ဆက်ထားလျှင် မိမိသင်္ဘော နှင့် အခြားသင်္ဘောများရဲ့ AIS အချက်အလက်များ ကြည့်ရန် အသုံးပြုနိုင်သည်။

EXIT

- မိမိအသုံးပြုလိုသော function (လုပ်ဆောင်ချက်) များဝင်ရောက်ပြင်ဆင်အတည်ပြုပြီးပါက မူလမျက်နှာပြင်သို့ ပြန်ထွက် / ပြန်သွားရာတွင် Exit ခလုတ်ကို အသုံးပြုသည်။

ENT

- မိမိအသုံးပြုလိုသော Function (လုပ်ဆောင်ချက်)များ ဝင်ရောက်ရွေးချယ် ပြင်ဆင်ပြီး အတည်ပြုရာတွင် အသုံးပြုသည်။ ထပ်ဆင့် Function များ ဝင်ရောက်ရာတွင်လည်း ▶ ခလုတ်နည်းတူ Enter ကိုလည်း အသုံးပြုနိုင်သည်။



- မြေပုံချဲ့ကြည့်ရန် အသုံးပြုနိုင်သည်။



- မြေပုံချုံ့ကြည့်ရန် အသုံးပြုနိုင်သည်။ ← (Backspace) အဖြစ်လည်း အသုံးပြုနိုင်သည်။

GOTO
def 3

- မိမိ သွားလိုသော Destination (ဦးတည်ရာ) သို့ တိုက်ရိုက် လမ်းကြောင်း ဆွဲလိုလျှင် အသုံးပြုသည်။ မိမိသင်္ဘောမှ WPT ၊ROUTE ၊ MARK ၊ CURSOR (ကာဆာ) တည်နေရာ တစ်ခုချင်းဆီသို့ GOTO ဖြင့် လမ်းကြောင်း ဆွဲကြည့်နိုင်ပါသည်။ နာမည်ပေး (သို့ ) စာရိုက်ရာတွင် d,e,f စာလုံးများ နှင့် နံပါတ် (3) စသဖြင့်လည်း အသုံးပြုနိုင်ပါသည်။

MARK
mno 6

- အမှတ်ရိုက်ရန် ၊ အမှတ်ရွေးချယ်ပြင်ဆင်ရန် ၊ နံပါတ် (6)နှင့် m,n,o စာလုံး များအသုံးပြုရန်။
- တချက်နှိပ်လျှင် အမှတ် ( MARK) မှတ်သားပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သော နေရာသို့ရွှေ့၍ MARK အမှတ်များ မှတ်သားနိုင်သည်။
- MARK ခလုတ်အား (၃)စက္ကန့်ခန့် ဖိနှိပ်ထားလျှင် အမည်ပေးခြင်း ၊ အမှတ်သင်္ကေတ ရွေး ချယ်ခြင်း၊ အမှတ်အရောင် ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

TURN
, ?.1

- မြေပုံလှည့် ကြည့်ရန် ၊ စာရိုက်ရာတွင် နံပါတ် (1) နှင့် (,?.) သင်္ကေတများ အသုံးပြုရန်။

WPT
abc 2

- ပေးပွိုင့် ထည့်သွင်းရန် ၊ ပေးပွိုင့် ပြင်ဆင်ရန် ၊နံပါတ် (2) အသုံးပြုရန် နှင့် a,b,c စာလုံးများ ထည့်ရန် အတွက် အသုံးပြုနိုင်ပါသည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၀၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

- တစ်ချက်နှိပ်လျှင် ပေးပို့င့် (WPT ) မှတ်ပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သောနေရာသို့ရွှေ့ ၍ WPT အမှတ်များ မှတ်နိုင်သည်။
- WPT ခလုတ်အား (၃)စက္ကန့်ခန့် ဖိနှိပ်ထားလျှင် WPT အမည်ပေးခြင်း ၊ WPT အမှတ်သင်္ကေတ ရွေးချယ်ခြင်း၊ WPT အရောင် ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

**AIS**
**ghi 4**

- လက်ရှိသင်္ဘော၏ AIS အချက်အလက်များ နှင့် အခြားသင်္ဘောများ၏ AIS အချက်အလက်များကိုသိရှိနိုင်ရန် အတွက်အသုံးပြုနိုင်ပါသည်။
- နံပါတ် (4) အသုံးပြုရန် နှင့် g,h,i စာလုံးများ ထည့်ရန်အတွက် အသုံးပြုနိုင်ပါသည်။

**ROUTE**
**jkl 5**

- ROUTE လမ်းကြောင်းဆွဲရန်၊ Boundary Line ဆွဲရန် နံပါတ် (5) နှင့် j,k,l စာလုံး များအသုံးပြုရန်။
- မိမိသွားလိုသော ခရီးလမ်းကြောင်းအား ကာဆာ (+) အသုံးပြု၍ ROUTE လမ်းကြောင်း ကြိုတင်ဆွဲရာတွင် အသုံးပြုနိုင်သည်။
- ကာဆာ (+) ကို မိမိစဆွဲလိုသော နေရာသို့ရွှေ့၊ ROUTE ခလုတ်ကိုနှိပ်၍ →
  1) Begin quick route setting mode ရွေးပြီး ENT နှိပ်ကာ ROUTE (နံပါတ် 3) ခလုတ်နှိပ်၍ ကာဆာ (+) အားထပ်၂ရွှေ့၍ ROUTE လမ်းကြောင်းများ ဆက်ဆွဲသွားနိုင်ပါသည်။
  2) Begin quick line setting mode ရွေးပြီး ENT နှိပ်ကာ ROUTE (နံပါတ် 3) ခလုတ်နှိပ်၍ ကာဆာ (+) အားထပ်၂ရွှေ့၍ BOUNDARYလိုင်းများ ဆက်ဆွဲသွားနိုင်ပါသည်။
- ထိုသို့လမ်းကြောင်းများဆွဲပြီးပါက ENTER ခလုတ် ကို တစ်ချက်နှိပ်၍ ROUTE (သို့ ) Boundary Line လမ်းကြောင်းများ ကြိုတင်ရေးဆွဲ သွားနိုင်ပါသည်။
- နံပါတ် (5) အသုံးပြုရန် နှင့် j,k,l စာသားများထည့်ရန် အတွက်သုံးနိုင်ပါသည်။

**NAV**
**pqrs 7**

- ဦးတည်ရာလမ်းကြောင်း ရွေးချယ်ရန်၊ ဦးတည်ရာလမ်းကြောင်း ပြင်ဆင်ရန် အတွက်လည်းကောင်း၊ p,q,r,s စာလုံးများ ထည့်ရန် နှင့် နံပါတ် (7) အသုံးပြုရန် အတွက် သုံးနိုင်သည်။

**TRACK**
**tuv 8**

- လမ်းကြောင်းဖွင့်/ပိတ်ပြုလုပ်ရန်၊ လမ်းကြောင်းအရောင်ရွေးချယ်ရန်၊ t,u,v စာလုံးများ ထည့်ရန် နှင့် နံပါတ် (8) အသုံးပြုရန်။
- ၄င်း TRACK ခလုတ်အား (၃) စက္ကန့် ခန့် နှိပ်ထားပါက မိမိသင်္ဘောလမ်းကြောင်း အရောင်ပြောင်းရန် သုံးနိုင်သည်။

**MOB**
**wxyz 9**

- MOB အချက်ပေး ပြင်ဆင်ရန် ၊ w,x,y,z စာလုံးများ ထည့်ရန် နှင့် နံပါတ် (9) အသုံးပြုရန် အတွက် သုံးနိုင်သည်။
- ၄င်း MOB ခလုတ်ကို ကြာရှည်စွာ နှိပ်ထားပါက MOB နေရာသို့ လမ်းကြောင်းဆွဲရန်အသုံးပြုနိုင်သည်။

**BRT**
**└─┘0**

- LCD မျက်နှာပြင်အလင်း ၊ Key Pad ခလုတ်အလင်း အတိုး / အလျှော့ ပြုလုပ်ရန် ၊ စာရိုက်ရာတွင် စာလုံး တစ်လုံး နှင့် တစ်လုံး ခြားရန် Space Bar အဖြစ်၄င်း ၊ နံပါတ် (0) အသုံးပြုနိုင်ရန် အတွက်၄င်း ၊ Key Pad tone အသံ/အတိုး အကျယ် ပြုလုပ်ရန်အတွက်၄င်း အသုံးပြုသည်။


** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **

ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁